# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 21 , 2022 Volume 59, Number 14


၂၁.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၂၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၄၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၉.၄၁ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၁၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၇၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပို့ကုန် ပဲ၊ နှမ်းများအား ကုန်သွယ်ရေးမူဝါဒကို အပြောင်းအလဲမပြုလုပ်ဘဲ ဆက်လက်ထားရှိပါက ဈေးကွက်ကောင်းလာမည်မဟုတ်ဟုဆို



Source:မကွေးဂျာနယ်

ပို့ကုန်ပဲ၊ နှမ်းများအား ကုန်သွယ်ရေးမူဝါဒကို အပြောင်းအလဲမပြုလုပ်ဘဲ ဆက်လက်ထားရှိပါက ဈေးကွက်ကောင်းလာစရာ မရှိကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

ပဲ၊ နှမ်းဈေးကွက်မှာ ဒေါ်လာဖြင့်သာ တင်ပို့ရောင်းချရန် သတ်မှတ်ထားရှိခဲ့ ပြီးနောက် ပဲ၊ နှမ်းဈေးကွက်မှာ ဒေါ်လာဈေး အတက်အကျပေါ်မှီတည်ပြီး အရောင်းအဝယ် ပြုလုပ်လာခဲ့တာကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ အရောင်းအဝယ် အေးသွားခဲ့ပြီး ကုန်ပို့ ပဲ၊ နှမ်းများ ဈေးကျဆင်းနေခြင်းဖြစ်သည်။ သို့ဖြစ်၍ ပို့ကုန်မူဝါဒပြောင်းလဲရန် လိုအပ်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ယခင်သီတင်းပတ်က ဈေးအေးနေသည့် ပို့ကုန်ပဲနှင့် ကုလားပဲအုပ်စုမှာ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာသလို အသစ်ဝင်မြေပဲဆံများမှာလည်း ဈေးမြင့်တက်နေကြောင်း၊ တရုတ်လိုင်းတင်ပို့မှု အဆင်မပြေတာကြောင့် နှမ်းမျိုးစုံ ဈေးကွက်ကျဆင်းနေကြောင်း ဒေါ်လာငွေဈေး တည်ငြိမ်နေတာကြောင့်လည်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ်အေးဆဲဖြစ်ကြောင်း၊ ကုလားပဲအုပ်စုတစ်ခုသာ လှော်လက်သမားများ ထုတ်ရောင်းလာတာကြောင့် ဈေးမာမာနှင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) က ပြောသည်။

"ပဲဈေးကွက်မှာတော့ ကုလားပဲအုပ်စုတစ်ခုပဲ ဈေးမာမာနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဗိုတူးကုလားပဲတစ်အိတ် ငွေကျပ် ၁၉၀၀၀၀၊ ထိုင်ဝမ်ကုလားပဲက တစ်အိတ် ငွေကျပ် ၁၇၅၀၀၀ လောက်နဲ့ လှော်လက်သမား အရောင်းလေးတွေ ရှိနေတာပါ။ မြေပဲဆံဈေးကမတက်ဘဲ အသစ်ဝင်တွေရှိသလောက် အဝယ်သွက်နေပေမယ့် နှမ်းဈေးကတော့ တစ်အိတ်ငွေကျပ် သုံးသိန်းအောက် ကျဆင်းသွားပါတယ်။ ပို့ကုန်ပဲတွေ ကလည်း ခပ်အေးအေးနဲ့ ဈေးတက်မလာသေးဘူး။ ငွေဈေးတည်ငြိမ်နေတော့ အရောင်းအဝယ်အေးနေတဲ့သဘောပါ။ ကထိန်ရာသီရောက်လာတော့ ကုန်စည်ဒိုင်မှာလည်း လူပါးနေတယ်။ ပို့ကုန်ပဲတွေအပေါ်ထားရှိတဲ့ ကုန်သွယ်မှုမူဝါဒ မပြောင်းလဲရင် ဈေးကွက်က ထူးခြားစရာမရှိပါဘူး" ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံပေါက်ဈေးမှာ ဒေါ်လာဈေးတည်ငြိမ်နေတာကြောင့် ခပ်အေးအေးရှိနေသော်လည်း ယခင်သီတင်းပတ်ထက် တစ်အိတ်ငွေကျပ်

၂၀၀၀-၅၀၀၀ ကြား ဈေးမြင့်တက်လာရာ အောက်တိုဘာ ၂၀ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၁၈၇၀၀၀ သာ ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်း၀င်တစ်အိတ် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအ၀ယ်ပြန်အေးဆဲဖြစ်သည်။

**မြေပဲ**

ယခုသီတင်းပတ်မှာ မြေပဲဆံဈေးအနည်းငယ် မြင့်တက်လာပြီး အသစ်ဝင်သလောက် အရောင်းအဝယ်သွက်နေရာ S1 လုံးဆံများမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ ၊ အနီလုံးဆံ တစ်ပိဿာလျှင် ငွေကျပ် ၆၂၀၀ အထိ တစ်ပိဿာ ငွေကျပ် ၅၀၀ ခန့် ပြန်လည်မြင့်တက်လာသည်။ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ အထိ ကျဆင်းသွားကြောင်းသိရသည်။

ပြည်တွင်းဒေါ်လာဈေးတည်ငြိမ်မှုနှင့်အတူ ပို့ကုန်ပဲများအဝယ်အေးနေပြီး ကုလားပဲအုပ်စုသာ အရောင်းအဝယ်ကောင်းနေရာ အောက်တိုဘာ ၂၀ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ကွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**Source: မကွေးဂျာနယ်**

## ပါရာစီတမောလ်၊ ကလူးကို့(စ်)+ခာတ်ဆားရည်အကြောသွင်းဆေးအပါအဝင် ပြည်ပမှတင်သွင်းနေသည့် ဆေးဝါး ၁၈ မျိုးအား အကောက်ခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်းထုတ်ပြန်

ပါရာစီတမောလ်၊ ကလူးကို့(စ်)+ခာတ်ဆားရည်အကြောသွင်းဆေးအပါအဝင် ပြည်ပမှတင်သွင်းနေသည့် ဆေးဝါး ၁၈ မျိုးအား အကောက်ခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်း ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက် ရက်စွဲဖြင့် အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၁၉/၂၀၂၂) ထုတ်ပြန်ထားသည်။

အကောက်ခွန်ဦးစီးဌာနသည် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် ပြောင်းလဲကျင့်သုံးခဲ့ရာ ဆေးဝါးကုန်ပစ္စည်းများ တင်သွင်းသူများအနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၂)ဖြင့် ထုတ်ပြန်ကြေညာချက်အရ ဆေးဝါး(၁၈) မျိုးအတွက်ကိုမူ အမိန့်စာအရ အကောက်ခွန်နှုန်း ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အကောက်ခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် ဆေးဝါးများမှာ အက်စ်ပရင်ဆေးပြား၊ ပါရာစီတမောလ်၊ ကလိုဖယ်နီရာမင်း၊ ဒိုင်ရာဇီပင်၊ မယ်ဗင်ဒါဇော၊ ဂျင်တာမိုင်စင်၊ မက်ထရိုနိုင်ဒါဇော၊ ပရိုပယ်နာလော၊ ဓါတ်ဆားရည်၊ ကလိုပရိုမာဇင်း၊ ဆယ်(လ)ဖြူတာမော၊ ဂလူးကို(စ်)+ဓါတ်ဆားရည် အကြောသွင်းဆေး၊ ရီဖင်ပီဇင်၊ အီသမ်ဖြူတော၊ အိုင်ဆိုနိုင်ရာဇိုက်၊ ဖရူဆီမိုက်၊ ဒိုင်ဂေါ့ဆင်း၊ ပရက်(စ်)နီဆလုံး စသည့်ဆေးဝါးများဖြစ်သည်။

ဆေးဝါး(၂၁)မျိုးအား မြန်မာအကောက်ခွန်နှုန်း ၂၀၂၂ ပါအတိုင်း အကောက်ခွန်နှုန်း ငါးရာခိုင်နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါဆေးဝါး (၂၁)မျိုးမှအပ ကျန်ဆေးဝါးများအတွက် အကောက်ခွန်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ကောက်ခံနိုင်ရန် ထုတ်ပြန်ချက်၏ပူးတွဲဇယားပါ HS Code များ၏နောက်တွင် Obelisk Code 4 ဖြင့် ကြေညာလွှာတင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

ဆေးဝါး ၁၈ မျိုးအတွက်မူ အမိန့်စာအရ အကောက်ခွန်နှုန်း ကင်းလွတ်ခွင့်ရရှိသည့် Excemption Code – EMFD ဖြင့် ဖြည့်စွက်ကြေညာရမည်ဖြစ်ပြီး Note အကွက်တွင် အမိန့်ကြော်ငြာစာအမှတ် ဖော်ပြကြေညာရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက MACCS ဌာနခွဲ၏ Help Desk Section (၀၁-၃၇၉၄၂၉) သို့လည်းကောင်း၊ ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲသို့လည်းကောင်း ရုံးချိန်အတွင်းစုံစမ်းနိုင်ကြောင်း အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/239116

## ပခုက္ကူကြက်သွန်နီ ဈေးကွက်အတွင်း လက်ကားတစ်ပိဿာကျပ် ၃၂၀၀ ဝန်းကျင်ထိ ရောက်ရှိပြီး လက်လီဈေးကွက်တွင် တစ်ပိဿာ ကျပ် ၄၀၀၀ ဝန်းကျင်ပေါက်ဈေးရှိ



https://news-eleven.com/article/239132

ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း ယခုအောက်တိုဘာလ တတိယပတ်တွင် ကြက်သွန်နီတစ်ပိဿာ ၃၂၀၀ ကျပ်ဝန်းကျင်ထိ ရောက်ရှိနေပြီး လက်လီဈေးကွက်တွင် ကျပ် ၄၀၀၀ နီးပါးထိ မြင့်တက်နေကြောင်း ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

ကြက်သွန်ဈေးနှုန်း ဆက်တိုက်မြင့်တက်နေသော်လည်း တောင်သူများထံတွင် ကုန်လက်ကျန်နည်းပါးပြီး ကြက်သွန်သစ်ချိန် မရောက်ရှိသေးသည့်အတွက် ကုန်ဝင်နည်းပါးကြောင်းသိရသည်။ ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၁၂၀၀၀ ဝင်ရောက်သည့် အောက်တိုဘာလ ၂၀ ရက်နေ့ ဈေးကွက်တွင် ဂွန်သေးတစ်ပိဿာ ၂၂၀၀-၂၅၀၀ ကျပ် ၊ ဂွန်လတ်တစ်ပိဿာ ၂၆၀၀-၂၉၀၀ ကျပ်နှင့် ဂွန်ကြီးတစ်ပိဿာ ၃၀၀၀-၃၂၅၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။

"ကြက်သွန်နီက ကုန်ဝင်အတော်နည်းတယ်။ ကြက်သွန်ထွက်တဲ့ နယ်တွေမှာလည်း ကုန်လက်ကျန်မရှိနိုင်တော့ဘူး။ ပြီးခဲ့တဲ့ လပိုင်းကတည်းက ဈေးကောင်းတော့ အတော်များများ ထုတ်ရောင်းပြီးပြီ။ လက်ရှိအဝယ်ကတော့ မြဝတီသမားလည်း ဆွဲတယ်။ အနီးနားလက်လီသမားလည်း ဝင်ဆွဲတယ်။ ကုန်ဝင်နည်း အဝယ်များဆိုတော့ ဈေးကအတက်ဖက်မှာပဲ ဆက်ရှိအုံးမှာပါ"ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

မိုးကြက်သွန်စိုက်ပျိုးသည့် မြစ်ရေဝင်ကျွန်းမြေများ၌ ကြက်သွန်စိုက်ပျိုးရန် မြေယာပြုပြင်ခြင်းနှင့် မျိုးဥစုဆောင်းခြင်းများလုပ်ဆောင်နေပြီး နယ်မြေတည်ငြိမ်မှုရှိရန် လိုအပ်ကြောင်းတောင်သူများထံမှ သိရသည်။ "မျိုးဖိုးတင် တစ်ပိဿာ ၂ ထောင်ဝန်းကျင်ရှိတယ်။ မြေဆီဈေးလည်းမြင့်တယ်။ တောင်သူကတော့ လက်ရှိကြက်သွန်ပေါက်ဈေးအရ စိုက်ကြမှာပါ။ စိုက်ဖို့လည်း ပြင်နေကြပါပြီ။ အဓိကတော့ လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေရှိဖို့ပဲဟု ရေစကြိုမြို့နယ်မှ ကျွန်းစိုက်ပျိုးရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းထိ ချောင်းကြက်သွန်နှင့် မိုးကြက်သွန်မှာ တစ်ပိဿာ ၇၀၀ ကျပ် အောက်ဖြင့် ရောင်းချခဲ့ရပြီး တောင်သူများထံ ကုန်လက်ကျန်နည်းပါးချိန် သြဂုတ်လမှသာ ဈေးနှုန်းများ စတင်မြင့်တက်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/239132

## နေပြည်တော်တွင်ကျင်းပနေသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၉ တွဲ ရောင်းချခဲ့

၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၂၀ ရက်တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပုလဲအတွဲပေါင်း ၁၈၉ တွဲ ရောင်းချခဲ့ရကြောင်း သတင်းထုတ်ပြန်မှုအရ သိရသည်။

ပြပွဲဒုတိယနေ့၌ ရောင်းချမည့်အမှတ် ၁ မှ အတွဲအမှတ် ၂၀၀ အထိ ပုလဲအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းခဲ့ပြီးနောက် ပြပွဲတွင်ရောင်းချသည့် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၀၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါအမှတ် (၁) ကို မွန်းလွဲ ၁ နာရီနှင့် တင်ဒါအမှတ် (၂) ကို ညနေ ၅ နာရီတွင် ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၈၉ တွဲ ရောင်းချခဲ့ရကြောင်း သတင်းထုတ်ပြန်မှုအရ သိရသည်။

အလားတူ ပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ ကျန်ရှိသည့် ပုလဲအတွဲအမှတ် ၂၀၁ မှ အတွဲအမှတ် ၄၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ ယခုကျင်းပပြုလုပ်သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၉ ရက်မှစတင်၍ ၂၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၄၀၀၊ ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၁၅၀

တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်၊ ထိုင်းဘတ်ငွေများဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်းနှင့် ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ တရုတ်ယွမ်၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာ ကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်းနှင့် ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအချောထည် အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၁၀၀၀ နှင့် ကျောက်စိမ်းအရိုင်းအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရိုငွေ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/239154

## ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ




https://myantrade.gov.mm

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် Federal Statistical Office (Destatis)၏ စာရင်းများအရ ငွေကြေးဖောင်းပွမှုနှုန်း (၁၀) ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ပြီး ဩဂုတ်လထက် (၁.၉) ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့သည်။ စွမ်းအင်ကဏ္ဍဈေးနှုန်းများကို ထည့်သွင်းတွက်ချက်ခြင်း မပြုပါက ငွေကြေးဖောင်းပွမှုနှုန်းသည် (၆)ရာခိုင်နှုန်းတွင် ရှိနေပါသည်။ စွမ်းအင်ကဏ္ဍဈေးနှုန်းများသည် စက်တင်ဘာလတွင် ဩဂုတ်လထက် (၄၃.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ အိမ်ထောင်စုများမှ သုံးစွဲသော အပူပေးဓါတ်ငွေ့၊ လောင်စာစွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားဈေးနှုန်းများ အသီးသီးမြင့်တက်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ စားသောက်ကုန်ကဏ္ဍတွင် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဈေးနှုန်းများတဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၈.၇)ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ပြီး အခြားကုန်စည်ဈေးနှုန်းများက (၁၇.၂) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍက (၃.၆) ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ အလုပ်အကိုင်ရရှိမှုအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ (လုပ်သားဦးရေ၅၀နှင့် အထက်လုပ်ငန်းများ) တွင် အလုပ်အကိုင်ခန့်ထား လုပ်ကိုင်မှုများမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် (၅.၅)သန်းခန့်ရှိပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ခရီးသွားလာတည်းခိုမှုများနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေသည် ယခင်နှစ်ကာလတူထက် (၁၆.၉) ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ဇူလိုင်လထက် (၀.၆)ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ဂျာမနီနိုင်ငံစီးပွားရေးကို ၂၀၂၃ ခုနှစ်တွင် ကျဆင်းလာရန် ခန့်မှန်းမှုများရှိနေပြီး၊ ဖက်ဒရယ်စီးပွားရေးဝန်ကြီးဌာနက စီးပွားရေးတိုးတက်မှုနှုန်းကို ယခုနှစ်အတွက် ၁.၄ ရာခိုင်နှုန်းနှင့် ရှေ့နှစ်အတွက် ၀.၄ ရာခိုင်နှုန်းရရှိရန် ခန့်မှန်းထားရှိရာ ယခုနှစ် ဧပြီလအတွင်းက မူလခန့်မှန်းထားရှိသည့် ၂.၂ ရာခိုင်နှုန်းနှင့် ၂.၅ ရာခိုင်နှုန်းတို့ထက် လျော့နည်းခန့်မှန်းထားခြင်းဖြစ်ပါသည်။ စီးပွားရေးကျဆင်းမှုအတွက် ဖယ်ဒရယ်အစိုးရအနေဖြင့် တုံ့ပြန်ဆောင်ရွက်မည့်နည်းလမ်းများ၊ Relief Packages အစီအစဉ်များ (grants and tax cuts )ကို စောင့်ကြည့်မျှော်လင့်လျှက်ရှိကြပါသည်။

**ကုန်သွယ်မှုအခြေအနေ**

ကုန်သွယ်မှုပိုင်းအနေဖြင့် ၂၀၂၂ခုနှစ် ဩဂုတ်လတွင် Federal Statistical Office (Destatis)၏ စာရင်းထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံသည် ပို့ကုန်တန်ဖိုးစုစုပေါင်း ယူရို (၁၂၈.၇)ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် (၂၃.၁) ရာခိုင်နှုန်း ပိုမို

တိုးတက်မှုရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံသည် အဓိကပို့ကုန် ဈေးကွက်ဖြစ်ပြီး ဩဂုတ်လကထက် (၄၂) ရာခိုင်နှုန်း ပိုမိုတိုးတက် တင်ပို့နိုင်ခဲ့ပြီး အများဆုံး တင်ပို့ကုန်များမှာ မော်တော်ကား၊ နောက်တွဲယာဉ်များဖြစ်ကာ အခြားအများဆုံးတင်ပို့ခဲ့သည့် နိုင်ငံများမှာ ပြင်သစ်နှင့်နယ်သာလန်နိုင်ငံတို့ ဖြစ်ကြပါသည်။ သွင်းကုန်တန်ဖိုးအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ယူရို (၁၂၈.၄) ဘီလီယံရှိခဲ့ရာ ၂၀၂၁ ခုနှစ် ကာလတူထက် (၃၈.၁) ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပြီး တရုတ်နိုင်ငံသည် ယူရို (၁၅.၉) ဘီလီယံဖြင့် အဓိကသွင်းကုန် တင်သွင်းသူဖြစ်ခဲ့ပါသည်။ ရုရှားနိုင်ငံမှ ရေနံနှင့်ဓါတ်ငွေ့တင်သွင်းမှုများလျော့ကျခဲ့ပြီး ဩဂုတ်လသွင်းကုန်မှာ ၂၀၂၁ ခုနှစ် ကာလတူထက် (၅၉.၄) ရာခိုင်နှုန်းလျော့နည်း၍ ယူရို (၂.၇) ဘီလီယံရှိခဲ့ပြီး ပို့ကုန်မှာ ယူရို (၁.၂)ဘီလီယံရှိခဲ့ခြင်းကြောင့် သွင်းကုန်လျော့ကျမှု ရှိလာသော်လည်း လက်ရှိအခြေအနေတွင် ရုရှားနိုင်ငံနှင့်ကုန်သွယ်မှုတွင် သွင်းကုန်က ပို့ကုန်ထက်များနေဆဲဖြစ်သည်။ အမေရိကန်နိုင်ငံနှင့်မူ ပို့ကုန်အသာစီးရရှိပြီး ဩဂုတ်လတွင် နှစ်နိုင်ငံ ကုန်သွယ်မှုမှ ပို့ကုန်ပိုငွေ ယူရို (၄.၉) ဘီလီယံရှိခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် ဂျာမနီနိုင်ငံတွင် ဩဂုတ်လ၌ ကုန်သွယ်မှုပိုငွေ ယူရို(၀.၃) ဘီလီယံ ရှိခဲ့ပြီး ၂၀၂၁ခုနှစ် ကာလတူတွင် ပိုငွေ (၁၁.၆) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

**မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု**

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ၌ မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို (၅.၂၄၈)သန်း (အမေရိကန်ဒေါ်လာ ၅.၁၁၄သန်း) နှင့် သွင်းကုန် ယူရို (၁၄၉.၁၁၃)သန်း (အမေရိကန်ဒေါ်လာ ၁၅၁.၂၂၉သန်း)ရှိခဲ့ကြောင်း Federal Statistical Office (Destatis)၏ စာရင်းများအရ လေ့လာတွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လပို့ကုန် အမေရိကန်ဒေါ်လာ (၅.၄၆၈)သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ (၁၁၃.၇၈)သန်းနှင့် နှိုင်းယှဉ်လျှင် CMP အထည်ချုပ်လုပ်ငန်းများ တင်သွင်းမှုပိုမိုများပြားလာပြီး အီလက်ထရောနစ် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ပရိဘောဂများ၊ ရော်ဘာ၊ ပလပ်စတစ်၊ အထွေထွေအသုံးအဆောင်များ စသည့်ပစ္စည်းများကိုလည်း ပိုမိုတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.dw.com/en/economy-recession-rears-its-ugly-head-in-germany/a-63444401**

**https://www.destatis.de/EN/Press/2022/10/PE22_439_51.html**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94

## မော်လမြိုင်ကုန်စည်ဒိုင် ကုန်စည်ဈေးနှုန်းများ

၂၀၂၂ အောက်တိုဘာ ၁၉ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေးများမှာ ဒေသထွက် ၁၀၈ ပေါင် **ဆန်တစ်အိတ် (အနိမ့်)**ဈေးနှုန်း ဧည့်မထ ကျပ် ၄၁၀၀၀၊ ပေါ်ကွဲ ကျပ် ၅၀၀၀၀၊ ပေါ်ဆန်း ကျပ် ၅၈၀၀၀၊ ၂၀ပိဿာဝင် **ပဲတစ်တင်း** ဈေးနှုန်း ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၆၀၀၀၀၊ ပဲလွန်းဖြူ ကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၉၀၀၀၊ ပဲပုတ် ကျပ် ၆၁၀၀၀၊ **သစ်သီးဝလံ**တွင် ပန်းရောင်ကျွဲကောသီး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကျွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ **ရေထွက်ကုန်** တစ်ပိဿာ ဈေးနှုန်း ငါးဒန် ကျပ် ၃၀၀၀၊ ငါးမြစ်ချင်း ကျပ် ၅၀၀၀၊ တီလားဗီးရား ကျပ် ၇၀၀၀၊ ကင်းမွန် ကျပ် ၂၈၀၀၀ ၊ ကကတစ် ကျပ် ၁၃၆၀၀၊ ငါးကွန်းရှပ် ကျပ် ၉၀၀၀၊ ငါးပုတ်သင်(ငါးဗျက်) ကျပ် ၇၅၀၀၊ ပုဇွန်ပျော့ ကျပ် ၁၈၀၀၀ မှ ၂၅၀၀၀၊ ရေချိုပုဇွန်ထုပ်(စိမ်း) ကျပ် ၃၂၀၀၀ မှ ၆၇၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ၁၀၈ပေါင် ဆန်တစ်အိတ်တွင် ဧည့်မထ ၁၀၀၀ ကျပ်၊ ပေါ်ဆန်း ၁၀၀၀ ကျပ်နှင့် ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်းတွင် မတ်ပဲ တစ်တင်း ၁၀၀၀ ကျပ် ဈေးနှုန်းများကျဆင်းနေကြောင်း၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ၊ ဗိုလ်ကိတ်၊ ပဲပုတ်နှင့်သစ်သီးဝလံများ ဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း ရေထွက်ကုန်အများစု ဈေးနှုန်းကျဆင်းနေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သတင်းရရှိပါသည်။

Source: **ရာမညကုန်သွယ်မှုဇဟိုဌာန**

## ဝါစိုက်ပျိုးထွက်ရှိမှုနှင့်စျေးနှုန်းစျေးကွက်

မကွေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံများကို မကွေး၊ တောင်တွင်း၊ အောင်လံ၊ မင်းလှ၊ မြို့သစ်မြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျှက်ရှိရာ ချည်မျှင်ရှည်ဝါ၊ ဝါကြီး၊ ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉နှင့် အိန္ဒိယမျိုးများလည်း စိုက်ပျိုးကြပါတယ်။ တောင်သူများ အနေဖြင့် ငွေချည်-၆အမျိုးအစားကို အများဆုံး စိုက်ပျိုးကြသော်လည်း ယခုနောက်ပိုင်းတွင် သီးလုံးဖေါက်ပိုးနှင့် စုပ်ပိုးဒဏ်ခံနိုင်သည့် မျိုးများဖြစ်သည့် မိမိတို့ဒေသနှင့်လည်း ကိုက်ညီသော ရွှေတောင်-၈နှင့် ငွေချည်-၉ အမျိုးအစားများကို ရွေးချယ်စိုက်ပျိုးလာကြပါတယ်။ တစ်ဧကအထွက်နှုန်းမှာ ပျှမ်းမျှ(၃၅၀)မှ (၄၀၀)ပိဿာ ထွက်ရှိတယ်လို့ သိရှိရပါတယ်။ ထွက်ရှိလာသော ဝါသီးနှံများကို အောင်လံရှိဝါပွဲရုံနှင့် မန္တလေးသို့ တင်ပို့ရောင်းချကြပြီး ဝါဂွမ်းများကို ချည်မျှင်စက်ရုံနှင့် တပ်မတော်ချည်မျှင်စက်ရုံများသို့ တင်ပို့ရောင်းချလျှက်ရှိပါတယ်။

ယခုအခါ စျေးကွက်ထဲသို့ ဝါများထွက်ပေါ်လာပြီဖြစ်ရာ ဝါစျေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် (၂၅၀၀)ကျပ် စျေးပေါက်နေကာ ဝါဂွမ်းစျေးအနေဖြင့် တစ်ပိဿာလျှင် ကျပ်(၆၅၀၀)အထိ စျေးပေါက်နေပြီး ယခုလက်ရှိ စျေးကွက်ထဲသို့ တစ်နေ့လျှင် ဝါပိဿာချိန်(၁)သောင်းအထိ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဝါစေ့ဆီကိုလည်း ကြိတ်၍ စျေးကွက်ထဲသို့ တင်ပို့ရောင်းချနေပြီး ဝါစေ့ဆီ စျေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ယခုလက်ရှိ (၆၅၀၀)ကျပ်စျေးရရှိနေကာ ပြီးခဲ့တဲ့ (၄)လပိုင်းလောက်တွင် (၉၀၀၀)ကျပ်စျေးအထိ အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ဝါစေ့ဆီသည် ပဲကြော်လုပ်ငန်းရှင်များမှ အကြော်ခံခြင်း၊ ကြာရှည်အထားခံခြင်း၊ အရောင်လှခြင်းတို့ကြောင့် ဝါစေ့ဆီကို အသုံးပြုလျှက်ရှိရာ တိုင်းအတွင်းရှိ ပဲကြော်ဖိုများသို့ တင်ပို့ရောင်းချလျှက်ရှိကြောင်း သိရှိရပါသည်။

ဝါသီးနှံသည် အခြားသီးနှံနှင့် နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိပြီး ဝင်ငွေကောင်းတဲ့ သီးနှံတစ်မျိုး ဖြစ်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်သော်လည်း တောင်သူများအနေဖြင့် ရာသီဥတုမမှန်ခြင်း၊ သွင်းအားစုစျေးမြင့်တက်ခြင်း၊ လုပ်သား ရှားပါးခြင်းတို့ကြောင့် ဝါစျေးနှုန်းမှာ ယခင်နှစ်ထက် စျေးပိုမိုရရှိခဲ့သော်လည်း တောင်သူများအနေဖြင့် တွက်ခြေကိုက်မှု နည်းနေသေးတယ်လို့ သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများ နယ်စပ်သို့တင်ပို့ရာတွင် ကွန်တိန်နာယာဉ်ဖြင့်သာ ပို့ဆောင်ရမည်

ကချင်ပြည်နယ် ကန်ပိုက်တည် လွယ်ဂျယ် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်းတို့တွင် ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ငှက်ပျောများကို လာမည့်ငှက်ပျောရာသီအချိန်တွင် တွဲကားအစား ကွန်တိန်နာဘောက်တွဲကားများနှင့်သာ သီးနှံများပို့ဆောင်မှု ပြုလုပ်ရမှာဖြစ်ကြောင်း ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်း တို့ အောက်တိုဘာလအတွင်းက သုံးရက်တာညှိနှိုင်းဆွေးနွေးပွဲတွင် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးတို့အတွက် ကွန်တိန်နာဘောက်များနှင့်ပို့ဆောင်ပေးရန် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကချင် ပြည်နယ် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာ ၁၃/၁၄/၁၅ရက် နေ့မှာ ကျနော်တို့ ပြည်နယ်အစိုးရက ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ အဲ့ပွဲမှာ တရုတ်ဘက်က လာမည့်ငှက်ပျောရာသီအချိန်မှာ အရင်ကလို တွဲကားနဲ့ ကုန်စည်ပို့ဆောင်လို့မရဘူး၊ ကွန်တိန်နာဘောက်လုပ်ပြီး ငှက်ပျောတွေကို ပို့ဆောင်ပေးရမယ်။ အဓိကကတော့ ကိုဗစ် ကာကွယ်နိုင်ရေးနဲ့ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ပြီးတော့ လူချင်းတွေ့စရာမလိုဘူး။ အဲ့တာကြောင့် မူအရ သဘောတူပြုလုပ်ရတာဖြစ်တယ် "ဟု ၎င်းကပြောပြသည်။

ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံသို့ တင်သွင်းသည့် ငှက်ပျောတွဲကားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သီးနှံကုန်စည်များကို အဆင့်ဆင့်စစ်ဆေးပိုးသတ်မှုများပြုလုပ်ပြီး ယာဉ်မောင်းသီးသန့် ပြန်လည် ရွေးချယ်မှုများ ပြုလုပ်ခဲ့ရသည့်အတွက် အချိန်ကြန့်ကြာမှုများရှိခဲ့ကာ ဆုံးရှုံးနစ်နာမှုများရှိခဲ့သည့်အတွက် ယခုနှစ် ရာသီ အချိန်တွင် ပိုမိုမြန်ဆန်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အလေးနက်ထားဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောဆိုထားသည်။


ထိုသို့တွဲကားများအစား ကွန်တိန်နာဘောက်တပ်ဆင် ပို့ဆောင်ရေးလုပ်ရမည့်အတွက် အဆင်ပြေမှုရှိသလို အခက်ခဲများ ရှိနေကြောင်း ငှက်ပျောတွဲကား ယာဉ်မောင်းတစ်ဦးက သုံးသပ်ပြောဆိုထားသည်။ "အရင်နှစ်က ငှက်ပျောကုန်စည်ကို တွဲကားတွေနဲ့ အသုံးပြုပို့ဆောင်ခဲ့တယ်။ တစ်လမှာ နှစ်ခေါက်လောက်ပဲပို့ရတယ်။ အချိန်ကြာတယ်။ မကိုက်ဘူး။ အခုလို ကွန်တိန်နာတပ်ဆင်ပြီး တွဲချိန်းရုံဆိုတော့ ပိုပြီးမြန်ဆန်မယ်၊ ကုန်ကျငွေနည်းလာတာပေါ့။ အခက်အခဲရှိတာက ကွန်တိန်နာချင်း ဘော်ဒီထပ်ရမယ်ဆိုတော့ ဘော်ဒီထပ်မြင့်ရမယ်။ ပိုရှည်လာမယ်။ အဲ့တော့ ယာဉ်သွားလာရေးအတွက် လမ်းတွေက မီးကြိုးတွေမြှင့်ပေးရမယ်။ လမ်းအခြေအနေမကောင်းတဲ့နေရာတွေမှာ ကားတိမ်းမှောက်တာတွေ ဖြစ်လာနိုင်တယ်။ ပြီးတော့ အကောက်ခွန်တွေလျှော့ပေါ့ ကောက်ခံစေချင်တယ် "ဟု မြစ်ကြီးနား ကန်ပိုက်တည် ငှက်ပျောကုန်စည် ပို့ဆောင်နေသည့် ယာဉ်မောင်းတစ်ဦးပြောသည်။

လက်ရှိအချိန်တွင် တွဲကားများအစား ကွန်တိန်နာတပ်ဆင်ရန်အတွက် တရုတ်နိုင်ငံတွင် လုပ်ဆောင်လျက်ရှိပြီး ကုန်ကျစရိတ်အနေဖြင့် တွဲကားတစ်စီးလျှင် မြန်မာငွေ သိန်းသုံးဆယ်မှ လေးဆယ်နီးပါး ကုန်ကျမှုရှိနေကြောင်း သိရသည်။

**Source: EPN**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5175-tissue-banana-myanmar-china.html

## ကမ္ဘာ့ငှက်ပျောကုန်သွယ်မှု မကြုံစဖူးကြီးထွား




https://www.foodindustrydirectory.com.mm

| CHINA, MAINLAND | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| FROM: | | | | | | | | | | | |
| Ecuador | 8.9 | 47.7 | 37.8 | 232.2 | 283.0 | 173.9 | 166.5 | 240.4 | 459.2 | 329.6 | 216.1 |
| Myanmar | 54.9 | 44.5 | 45.1 | 53.9 | 55.7 | 50.8 | 66.2 | 102.2 | 83.4 | 11.8 | 6.4 |
| Philippines | 693.9 | 496.4 | 401.9 | 774.1 | 666.9 | 613.8 | 730.0 | 1017.1 | 1033.3 | 785.4 | 847.1 |
| Thailand | 16.3 | 22.5 | 18.3 | 25.5 | 26.1 | 17.3 | 18.3 | 22.9 | 14.5 | 8.9 | 6.9 |
| Vietnam | 39.3 | 9.3 | 15.6 | 11.2 | 10.1 | 29.2 | 58.5 | 135.3 | 277.6 | 282.5 | 354.0 |
| Others | 70.5 | 70.0 | 70.0 | 91.2 | 77.5 | 70.5 | 83.7 | 102.7 | 143.7 | 404.7 | 498.3 |
| TOTAL | 883.8 | 698.4 | 578.7 | 1188.1 | 1139.3 | 955.5 | 1115.2 | 1620.6 | 2011.7 | 1832.9 | 1928.8 |

https://www.foodindustrydirectory.com.mm

မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့ငှက်ပျောကုန်သွယ်မှုသည် မကြုံစဖူး အမြင့်ဆုံးသို့တိုးလာခဲ့သည်။ ငှက်ပျောသီးသည် ကမ္ဘာပေါ်တွင် ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် စားသုံးမှုအများဆုံး အသီးများထဲမှ တစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် ငှက်ပျောသီး အမျိုးပေါင်း ၁၀၀၀ ကျော်ရှိသည်။

အရောင်းအဝယ်အများဆုံး အမျိုးအစားမှာ Cavendish ငှက်ပျောသီးဖြစ်ပြီး နှစ်စဉ်ထုတ်လုပ်မှုပမာဏ တန်ချိန် သန်း ၅၀ ရှိသည်။ ကမ္ဘာ့တစ်ဝှမ်းထုတ်လုပ်မှု၏ ထက်ဝက်ခန့်ရှိသည်။ ငှက်ပျောသီးသည် ဖွံ့ဖြိုးမှုအနည်းဆုံးနှင့်ဝင်ငွေနည်းပြီး စားနပ်ရိက္ခာမဖူလုံသော နိုင်ငံအချို့တွင် ငှက်ပျောသီးသည် အထူးတလည် အရေးပါသည်။ အိမ်ထောင်စုများ၏ အဓိကအာဟာရအဖြစ် စားသုံးကြရသည်။ တစ်ဖက်တလမ်းမှ ဝင်ငွေရရှိစေသည်။

ကမ္ဘာ့ငှက်ပျောကုန်သွယ်မှုသည် မကြာသေးမီနှစ်များအတွင်း မကြုံစဖူး အမြင့်ဆုံးသို့ တိုးမြင့်လာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တင်ပို့မှုပမာဏမှာ တန်ချိန် ၂၁ သန်းခန့်ရှိသည်။ ငှက်ပျောသီး အများဆုံးတင်ပို့သည့်နိုင်ငံများမှာ အီကွေဒေါနှင့်ဖိလစ်ပိုင်တို့ ဖြစ်သည်။ ငှက်ပျောသီး အများဆုံးတင်သွင်းသည့်နိုင်ငံများမှာ တရုတ်နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့ဖြစ်သည်။ တရုတ်နိုင်ငံမှ နှစ်အလိုက် မူရင်းနိုင်ငံအလိုက် ငှက်ပျောသီး တင်သွင်းသည့်စာရင်းကို ဖော်ပြအပ်ပါသည်။

**Source: fao.org**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5166-bananas.html

## တရုတ်ကြက်သွန်နီ ၃ မျိုး တင်သွင်းနေသော်လည်း မြန်မာကြက်သွန်နီ ဈေးမကျဘဲ အဝယ်လိုက်နေ



https://www.foodindustrydirectory.com.mm

မန္တလေးဈေးကွက်အတွင်းသို့ တရုတ်ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေသော်လည်း မြန်မာကြက်သွန်နီများ ဈေးနှုန်းများကျဆင်းခြင်းမရှိဘဲ အရောင်းသွက်နေကြောင်းသိရပါသည်။ တရုတ်ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်းသို့ ဝင်လာသည်။ ဈေးနှုန်းများမှာ ကျပ် ၁,၀၀၀ မှ ၁,၇၀၀ အထိ ဈေးအမျိုးမျိုးရှိသည်။

စားသုံးသူအများစုက မြန်မာကြက်သွန်နီကို ပိုမိုနှစ်သက်ကြသဖြင့် ဈေးပိုပေးပြီး ဝယ်ယူစားသုံးကြသည်။ မြန်မာကြက်သွန်နီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ၄၀၀၀ အထိ ဈေးရရှိသည်။ မန္တလေးဈေးကွက်အတွင်းသို့ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ မြစ်သားတို့မှ မန္တလေးဈေးကွက်ထဲသို့ ဝင်ရောက်လာသည်။ မြန်မာကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့လျက်ရှိပါသည်။

**Source: DNM**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5172-although-3-types-of-chinese-onions-are-being-imported,-burmese-onions-are-not-cheap.html

## STOCK EXCHANGE (21.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | -100 | -1.05% | 9,500 | 9,500 | 9,400 | 200 | 1,885,000 | 33,109,694 | 311,231 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 68 | 238,000 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 11 | 85,800 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 21,000 | 21,000 | 20,000 | 20 | 402,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 80 | 216,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,100 | 5,100 | 5,100 | 53 | 270,300 | 10,497,598 | 53,538 |


### Market summary

As of 21st Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 414.34 | -1.30 | -0.31% | 415.64 | 417.06 | 414.34 | 432 | 3,097,100 | 7 | 720,793 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 21st Oct. 2022

| MYANPIX | 414.34 ▼ 1.30 |
|---|---|
| Total Volume (shares) | 432 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 720,793 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▼ 100 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 100 |

TIR